သန်းစိုး [ဘောဂဗေဒ]

# အစိုးရ အကူးအပြောင်း
# စီးပွားရေး အလူးအလှိမ့်



## အမုန်းများ၊ အရွေ့များနှင့် အထားအသိုများ

၈၈ ကျောင်းသားခေါင်းဆောင်များ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံပြီးနောက် ဖွဲ့စည်းအုပ်ချုပ်ပုံ ပုဒ်မ ၄၃၆ နှင့် ၅၉ (စ) ပြင်ဆင်ရေး ဆန္ဒထုတ်ဖော်ပွဲဖြင့် စတင်လာသည့် နိုင်ငံရေးအရွေ့လမ်းကြောင်းမှာ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွင်း ကျင်းပပြီးစီးခဲ့သော ၈၈ အရေးတော်ပုံရွှေရတု နောက်ပိုင်း မည်သည့်နိုင်ငံရေးမဟာဗျူဟာမှ မရှိကြောင်း ထင်းထင်းကြီး ပေါ်လာပါသည်။

၈၈ ရွှေရတု ကြေညာချက်ဖြင့် နှိုင်းယှဉ်သုံးသပ်ရလျှင် ယခုထိတိုင် လုပ်ဆောင်နေသော နိုင်ငံရေးလုပ်ငန်းစဉ်များသည် လည်းကောင်း၊ လူမှုရေးလုပ်ငန်းစဉ်များသည် လည်းကောင်း၊ စီးပွားရေးလုပ်ငန်းစဉ်သည် လည်းကောင်း မည်မျှအကောင်အထည်ဖော်နိုင်ခဲ့သည်၊ မည်သည့်အတိုင်းအတာထိ ခရီးပေါက်ခဲ့ပြီးသည်ကို ပြန်လည်ဆန်းစစ်ခြင်းဖြင့် အထက်ပါကောက်ချက် ကို ပိုမိုခိုင်မာစေပါလိမ့်မည်။ ထို့ကြောင့် ၈၈ ရွှေရတုမှ ထွက်ပေါ်လာသော ကြေညာချက် အဟောသိကံဖြစ်မှာကိုလည်း စိုးရိမ်ပါသည်။

ယခုအခါ ၈၈ ရွှေရတုနောက်ပိုင်း နိုင်ငံရေးအခင်းအကျင်းတွင် ပူးတုံခွာတုံနည်းပါးလျက်၊ ပြီးခဲ့သည့်နှစ်က သမ္မတ၏ လယ်တောအိမ်တွင် တွေ့ဆုံခြင်း၊ ပြည်ပခရီးစဉ်များကို ချောင်းပေါက်မတတ်သွားခြင်း၊ စာပေဟော ပြောပွဲများဖြင့် နယ်လှည့်ခြင်း၊ သတင်းကြေညာချက် ထုတ်ပြန်ခြင်း စသည့် လုပ်ငန်းစဉ်များဖြင့်သာ အချိန်ကုန်ခဲ့သည်ဟု သုံးသပ်ရမည်ဖြစ်သည်။ အဆို ၁၀ အစိုးရအကူးအပြောင်း စီးပွားရေးအလူးအလိမ့် ပါ ဖြစ်စဉ်များသည် နိုင်ငံရေးမဟာဗျူဟာ၊ သို့မဟုတ် မြန်မာ့နိုင်ငံရေး အပြောင်းအလဲတွင် မည်သည့်အတိုင်းအတာထိ ပတ်သက်သည်၊ ဝေးကွာ သွားပြီ ဆိုသည့် လူထု၏ သံသယစိတ် ကြီးမားလာခဲ့ခြင်းကိုသာ ဖြစ်ပေါ်စေခဲ့ပါသည်။

ထိုကဲ့သို့ဖြစ်စဉ်များကြောင့် နိုင်ငံသားများအပါအဝင် နိုင်ငံရေးတွင်

စိတ်ပါဝင်စားသူများ၏ အားမလိုအားမရ ဖြစ်နေချိန်၌ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ဆင်ခြင်းလှုပ်ရှားမှုမှ ပေါ်ပေါ်ထင်ထင် ဝင်ရောက်လာ သောကြောင့် များစွာ ကြိုဆိုရမည်ဖြစ်သည်။

အန်အယ်လ်ဒီအရွေ့

၂၀၁၂ ခုနှစ်အတွင်း ကြားဖြတ်ရွေးကောက်ပွဲတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ရေး နိုင်ငံရေးကြွေးကြော်သံများဖြင့် အတိုက်အခံ နိုင် ငံရေးလမ်းကြောင်း၊ လွှတ်တော်တွင်း ပါတီနိုင်ငံရေးလမ်းကြောင်းကို စတင် ခဲ့သည့် အန်အယ်ဒီပါတီအနေဖြင့် ထိုကြိမ်နှုန်းအတိုင်း မည်မျှအကောင် အထည်ဖော်နိုင်ခဲ့သည်ကို ယခု ဆန်းစစ်ရန် အချိန်ကျရောက်ပြီဖြစ်သည်။ လူပုဂ္ဂိုလ်အပေါ်တွင် အမှီသဟဲပြုလွန်းသော အာရှ၏ အော်တိုကရေစီစတိုင် အတိုင်း မြန်မာ့လူ့အဖွဲ့အစည်းတွင် တစ်နည်းတစ်ဖုံ သက်ရောက်ဆက်နွှယ် မည်ကို ဤနေရာတွင် ထည့်သွင်းစဉ်းစားသင့်သည်။ မြန်မာပြည်အတွက် အဆိုပါ လူပုဂ္ဂိုလ်အပေါ် အမှီသဟဲပြုလွန်းသော အာရှ၏ အော်တိုကရေ စီစတိုင်ကို အကောင်းဆုံးဥပမာနှစ်ခုဖြင့် မြင်နိုင်ပါသည်။ နံပါတ်တစ်မှာ ယခင်တပ်ချုပ်ကြီးနှင့် ယခုစစ်ဘက်အသိုင်းအဝိုင်းကြား အရိပ်လွှမ်းမိုးမှု ဖြစ်သည်။ ဒုတိယမှာ ဒေါ်အောင်ဆန်းစုကြည်နှင့် အန်အယ်ဒီအဖွဲ့ဝင်များကြား ထက်အောက်ဆက် ဆံရေး၊ ပါတီဆုံးဖြတ်ချက်၊ မူဝါဒအကောင်အထည်ဖော်မှု စသည့်ဖြစ်စဉ်များ နှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့ရာ နိုင်ငံရေးအသိုင်းအဝိုင်းမှ ကြားရသော ကောက်ချက်များကို အခြေခံခြင်းဖြစ်သည်။

ထိုကြောင့် အာဏာရအသိုင်းအဝိုင်းနှင့် အတိုက်အခံအန်အယ်ဒီတို့ တွင် အော်တိုကရေစီစိုးမိုးမှု မကင်းကြောင်း ထင်ရှားလာပါလိမ့်မည်။ ထူး ခြားသောကွဲလွဲချက်မှာ ဘက်နှစ်ဘက်အတွင်း မည်သည့်ဘက်က Institution အားကောင်းသည်၊ မဟာဗျူဟာချ ဆောင်ရွက်နိုင်သည်ဆိုသည့် သီအိုရီ နှင့် လက်တွေ့ဖြစ်စဉ်များအရ ကြည့်လျှင် အန်အယ်ဒီအတွက် အားရ ကျေနပ်ဖွယ်ရလဒ်

မတွေ့သေးပါ။

အဘယ်ကြောင့်ဆိုသော် ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်နိုင်ငံရေးထဲဝင်ရောက်လာပြီးနောက် တရားဥပဒေစိုးမိုးရေးကော်မတီတွင် အကြီးအကဲနေရာယူပြီး မည်သည့်ဖြစ်ပေါ်တိုးတက်မှုရှိခဲ့သနည်းဆိုသည့် မေးခွန်း၏ အဖြေက သက်သေဖြစ်ပါလိမ့်မည်။ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် ရန်ကုန်တက္ကသိုလ်ပြန်လည်ပြင်ဆင်ခြင်း၊ ရန်ကုန်ဆေးရုံကြီး ပြန်လည်ပြင်ဆင်ခြင်းတို့ ရှိခဲ့ပါသည်။ သို့သော် အသွင်သဏ္ဌာန်ကို ပြင်ဆင်ခြင်းလား၊ အနှစ် သာရကို ပြင်ဆင်ခြင်းလားဆိုသည်ကိုတော့ ပြန်လည်ဆန်းစစ်သင့်ပါသည်။ အသွင်သဏ္ဌာန်မှာ ကျောင်းများဆေးသုတ်ခြင်း၊ စာသင်ဆောင်အတွက် လိုအပ်သည့်ခုံများ တပ်ဆင်ခြင်း၊ ရုံးဝန်ထမ်းများအတွက် လိုအပ်သည့် ပြင်ဆင်မှုများဖြည့်ဆည်းခြင်း၊ မော်တော်ကားဖြည့်တင်းခြင်းတို့သာ လုပ်ဆောင်ခဲ့သည်ဟု ခန့်မှန်းမိပါသည်။ ဤအရာများသည် ပညာရေး၏ အနှစ်သာရနှင့် မဆိုင်ပါ။ ပညာရေးအနှစ်သာရဆိုသည်မှာ ရန်ကုန်တက္ကသိုလ်ကြီးမှ သုတေသနစင်တာများ၊ ခေတ်မီလာအောင်ပြုလုပ်ရမည့် စာကြည့်တိုက်များ၊ နှီးနှော ဖလှယ်ပွဲများ၊ နိုင်ငံတကာတက္ကသိုလ်ကျောင်းသားများ၏ အိတ်ချိန်းပရိုဂရမ် များ၊ သုတေသနစာတမ်း၊ ဂျာနယ်၊ ဆောင်းပါး စသည်များကို ဆိုလိုပါသည်။

ထိုကြောင့် ရန်ကုန်တက္ကသိုလ်ပြင်ဆင်ရေးအဆို၊ ရန်ကုန်ဆေးရုံကြီး ပြင်ဆင်ရေးအဆို အောင်မြင်ပြီးနောက် ပြုလုပ်ခဲ့သည့် ကျောင်းဆေးသုတ်ခြင်း သာ သစ်သစ်လွင်လွင်ဖြင့် အဖတ်တင်ပါသည်။ အနှစ်သာရကား ပြောင်းလဲ ခဲ့ခြင်းမရှိခဲ့။ စီးပွားရေးအမြင်အရကြည့်လျှင် ပြည်ပထောက်ပံ့ငွေများကြောင့် နိုင်ငံတော်အကြွေးတင်သွားပြီ။ လူထုက တစ်ချိန်မဟုတ်တစ်ချိန် အခွန်ဖြင့် ဆပ်ရဦးမည်။ အသွင်သဏ္ဌာန်ကြောင့် ဆောက်လုပ်ရေးကန်ထရိုက်နှင့် အရာရှိကြီးများ “ခွင်”ရသွားမည်ကိုသာ မြင်မိပါသည်။

အထားအသို

ယခုနိုင်ငံရေးအရွေ့ထံ အားလုံးချဉ်းကပ်လာပြီဖြစ်သည်။ ထိုအရွေ့မှာ ဖွဲ့စည်းပုံပြင်ဆင်ရေးအား လူထုလုပ်ရှားမှုအသွင် ဖန်တီးလာခြင်းကို ဆိုလို ပါသည်။ နိုင်ငံရေးတွင် လူထုအားကို ပြစ်ပယ်ထားရမည် မဟုတ် ဆိုသည် ကို နိုင်ငံရေးသမားတိုင်း သိထားပြီး ဖြစ်ပါလိမ့်မည်။ နိုင်ငံရေးတွင် အာဏာ ရသူများထံတွင်ဖြစ်စေ၊ လူထုထောက်ခံမှု တစ်လုံးတစ်ခဲရရှိထားသော အတိုက်အခံပါတီပင်ဖြစ်စေ နိုင်ငံရေးကို ကစားကြရသည့် spaceများရှိရ မည်မှာ အမှန်တရား ဖြစ်ပါသည်။

ထို space ကို ကစားရာတွင် တပ်မတော်ဘက်မှကြည့်ရလျှင် ဖွဲ့စည်း ပုံ အခြေခံဥပဒေပြင်ဆင်သင့်သည့်အပိုင်းကိုသာ တဖြည်းဖြည်းပြင်ဆင်လိုခြင်း၊ လွှတ်တော်၏ ၂၅ ရာခိုင်နှုန်းသော တပ်မတော်သားလွှတ်တော်အမတ်များ ခြေကုပ်ယူထားခြင်း၊ စစ်ဘက်၏ စီးပွားရေးတစ်ခုလုံး ထိပါးနိုင်သောအခြေ အနေကိုကာကွယ်လိုခြင်း စသည်တို့က စစ်ဘက်၏ နိုင်ငံရေးအရွေ့ကို ချော မွေ့စွာ အသွင်ပြောင်းနိုင်ရေးအတွက် space များ ဖြစ်သည်။ ထူးခြားသည် မှာ စစ်တပ်အနေဖြင့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ်တွင် သစ္စာရှိစွာ၊ တရားသေဆန်စွာရပ်တည်နေပါက ယခုတိုင် လူထုကစစ်တပ်အပေါ် ထားရှိ သော မနှစ်သစ်မှု၊ မယုံကြည်မှုရေချိန်အတိုင်းအဆများကိုတော့ လျော့ပါးစေ မည် မဟုတ်ပါ။ အမှန်စင်စစ် နိုင်ငံသားတို့က ယခင်စစ်တပ်အလွှာနှင့် ယခု စစ်တပ်အလွှာကို ခွဲခွဲခြားခြားသိထားပြီး အတိုင်းအတာတစ်ခုထိ ခွင့်လွှတ် နိုင်သော လူထု၏ စိတ်သဘောထားကြောင့် ပေးဆပ်မှုမှာ မထိုက်တန်ဟု ဆိုလိုရင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်ကျိုးစီးပွားများကြောင့် တိုင်းပြည် အစိတ်စိတ်အမြွှာမြွှာ ပျက်စီးသွားအောင် ပြုလုပ်ခဲ့သူများမှာ ယခု တာဝန်ထမ်းဆောင်နေသော စစ်မှုထမ်းများ မဟုတ်ခြင်းကြောင့် ဖြစ်သည်။ ထိုအချက်ကို နိုင်ငံသားတိုင်း ခွဲခွဲခြားခြား ထားရှိသင့်သည်။ ထိုကြောင့်ဆို ခဲ့ပါအချက်သုံးချက်သာ စစ်တပ်၏ နိုင်ငံရေး space ဟု ကောက်ချက်ချရမည်

ဖြစ်သည်။

သမ္မတနှင့် အုပ်ချုပ်ရေးအသိုင်းအဝိုင်း၏ နိုင်ငံရေးချစခေန ကမူ ယခု တလောနာမည်ကြီးနေသော မျိုးစောင့်ဥပဒေနှင့် အပြည့်အဝ အထိုင်ချလိုသော မိုးကျရွှေကိုယ်များအရေး ဖြစ်ပါလိမ့်မည်။ မျိုးစောင့်ဥပဒေသည် ၂၀၁၅ နိုင်ငံရေးအခင်းအကျင်းတွင် လူထုဘက်ကလှုံ့ကျလာနိုင်သော မဲများအပေါ် အာရုံကျနိုင်ခြင်းဖြစ်ပြီး အာရှနှင့် ဒီမိုကရက်တန်ဖိုးအားနည်းသောနိုင်ငံများတွင် ဖြစ်လေ့ဖြစ်ထရှိသည့် ဘာသာရေးနှင့်နွှယ်သော အမျိုးသားနိုင်ငံရေး လမ်း ကြောင်းကို ခြေချထားခြင်း ဖြစ်သည်။ ဒုတိယအချက်ဖြစ်သော မိုးကျရွှေ ကိုယ်များအရေးမှာ ပျက်စီးနေသောစနစ်တစ်ခုလုံးအတွက် ပြန်လည်အသက် သွင်းခြင်းလား၊ သို့မဟုတ် အုပ်ချုပ်ရေးယန္တရားဖြစ်စဉ် အလုံးစုံအတွက် အခိုင် အမာနေရာယူထားခြင်းလား ဆိုသည်ကို ဆုံးဖြတ်ရန် စောလွန်းသည် ဆိုသော်လည်း ထိုနှစ်ချက်မှ တစ်ခုခုသာဖြစ်ပါလိမ့်မည်။ ဤအချက်သည် ပထမသက်တမ်းအတွင်း မအောင်မြင့်ခဲ့သော လုပ်ငန်းစဉ်များဖြစ်သည့် ဆင်း ရဲ နွမ်းပါးမှုလျှော့ချရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ သန့်ရှင်းသောအစိုးရ ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် ပြည်သူဗဟိုပြုသော ဒီမိုကရေစီဖော်ဆောင် ရေးဆိုသည့် လုပ်ငန်းစဉ်ကြီးလေးရပ်ကို ပြန်လည် သွေးသစ်လောင်းလိုသည့် အာသီသရှိနေခြင်းကြောင့်သာ ဖြစ်ပါလိမ့်မည်။

သို့သော်လည်း ထောက်ပြလိုသည့်အချက်မှာ စီးပွားရေးဆန်ဆန် စဉ်းစားလုပ်ကိုင်နိုင်သော ဗျူရိုကရက် အားကောင်းမောင်းသန်မရှိခြင်း၊ လစ် ဘရယ်ပညာတတ် မဟုတ်ခြင်း၊ brain wash လုပ်ထားခြင်း ခံရသကဲ့သို့ ဖြစ်နေသော မိုးကျရွှေကိုယ်များ၏ အကျိုးစီးပွား (အဂတိလိုက်စားမှုများ)နှင့် အမိန့်ပေးစနစ်ခိုင်မြဲနေခြင်း၊ ဝန်ကြီးဌာနအတော်များများ၌ ငွေကြေး၊ ရာထူး အရွှေ့အပြောင်းများနှင့် သက်ဆိုင်သည့်ဌာနတွင်းရှိ လည်မျိုဟုဆိုရမည့် စီမံ ဘဏ္ဍာဌာနကို ချုပ်ကိုင်ထားလိုခြင်းတို့မှာ များစွာ အဟန့်အတားဖြစ်နေပါ သည်။ ထိုကြောင့် အဆိုပါအချက်များကို ပြင်ဆင်ခြင်းမရှိပါက ၂၀၁၅ ခုနှစ်အလွန်

အသွင်ကူးပြောင်းရေးအောင်မြင်မှုကို မျှော်လင့်ထားသည့် ကျေနပ်မှုမှာ ယောင်ယောင်မျှသာ ရှိပါလိမ့်မည်။

ယခုတစ်ဖန် လွှတ်တော်နှင့် ကြံ့ခိုင်ရေးအမတ်များ၏ အထားအသို ကို ထပ်မံခွဲခြမ်းစိတ်ဖြာမည် ဖြစ်သည်။ ဦးစွာ ပြည်ထောင်စုလွှတ်တော် နာယကကြီးအပါအဝင် ကြံ့ခိုင်ရေးပါတီဝင်အားလုံးသည်လည်း ၂၀၁၅ အလွန် နိုင်ငံရေးအခင်းအကျင်း၌ တစ်စုံတစ်ရာသော နိုင်ငံရေးရည်မှန်းချက် ရှိထား သူများ ဖြစ်သည်။ ဆိုရလျှင် အမျိုးသားလွှတ်တော်အမတ်များသည် လည်းကောင်း၊ ပြည်သူ့လွှတ်တော်အမတ်များသည် လည်းကောင်း နောက် ဆုံးကျန်ရှိတော့သည့် လွှတ်တော်သက်တမ်းကာလအတွင်း ပြည်သူလူထု အတွက် ဒုတ်ဒုတ်ထိ လိုအပ်သောဥပဒေများ ပြဋ္ဌာန်းခြင်း၊ ပြည်သူတို့၏ အကျပ်အတည်းကို ဖြေရှင်းပေးခြင်း၊ တရားဥပဒေစိုးမိုးရေးတွင် မည်သည့် အတိုင်းအတာထိ ဆောင်ရွက်နိုင်ခြင်း၊ လက်ဝါးကြီးအုပ်စီးပွားရေးကို ဖယ် ရှားနိုင်ရန်နှင့် ဈေးကွက်စီးပွားရေးကို ပီပြင်စွာအကောင်ထည်ဖော်ရေးအတွက် လိုအပ်နေသေးသော လူထုအကြိုက်များစေရန် လွှတ်တော်နိုင်ငံရေးကိုသာ ဖန်တီးမှသာ အဆင်ပြေနိုင်တော့မည် ဖြစ်သည်။ ပြည်ထောင်စုလွှတ်တော် နာယကကြီး၏ the voice weekly ဂျာနယ်တွင် ဖော်ပြခဲ့သော နိုင်ငံရေး၊ နိုင်ငံ့အရေးဆောင်းပါးအား ထောက်ရှုခြင်းဖြင့် နိုင်ငံသားနှင့် နိုင်ငံအပေါ် မည်မျှစေတနာထားသည်ကို တစ်စေ့တစ်စောင်း ထင်ဟပ်စေသည်။ သို့ပေ မဲ့ ဆောင်းပါးပါအချက်များ၊ စကားလုံးများမှာ သတိကြီးစွာ သုံးနှုန်းထားခြင်း ဖြစ်သည်ကို ကြည့်ခြင်းဖြင့် ပုဂ္ဂိုလ်ရေးအော်တိုကရေစီအရိပ် မလွတ်ကင်း ခြင်း၊ မလွန်ဆန်နိုင်ခြင်း စသည့်အရိပ်ကို ဝိုးတဝါး တွေ့ရပါသည်။

အမုန်းများ

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (၄၃၆) နှင့် ပုဒ်မ ၅၉ (စ) ပြင်ဆင်ရေး ဆိုင်ရာ လူထုလုပ်ရှားမှု၊ ဆွေးနွေးဖလှယ်ပွဲ၊ လက်မှတ်ရေးထိုးမှုများသည် NLD

ဘက်မှ လည်းကောင်း၊ တိုင်းရင်းသားပါတီများမှ လည်းကောင်း၊ အတိုက်အခံပါတီများမှ လည်းကောင်း လူထုအားဆွဲဆောင်ရာတွင် ၂၀၁၅ နိုင်ငံရေး campaign အတွက် နိုင်ငံရေးချစခေန တစ်ရပ်သာ ဖြစ်ပါသည်။ သို့သော် လည်း ယခုအခါ မြန်မာပြည်တစ်လွှား အာဏာရမ့်ကျက်များ၊ မယုံသင်္ကာစိတ် များ၊ ဘာသာရေးမှိုင်းတိုက်မှုများကြောင့် အမုန်းမီးပွားတောက်လောင်တော့ မည့် အခြေအနေကို ဆိုက်ရောက်နေပါပြီ။

ဖြစ်တည်နေသော အမုန်တရားမှာ နာဂစ်အလွန်တွင် တစ်ဖက်သတ် ကျစ္စာ ပြဋ္ဌာန်းခဲ့သော ၂၀၀၈ ခုနှစ်အခြေခံဥပဒေကို ပြင်ဆင်လိုခြင်းမှာ သန်းခြောက်ဆယ်ပတ်ဝန်းကျင်ရှိသော (အချို့သူများကို ဤနေရာတွင် ချန် ထားခဲ့ပါမည်) နိုင်ငံသားအားလုံး၏ ဆန္ဒအိပ်မက်လည်း ဖြစ်ပါလိမ့်မည်။ ဖြစ် ပုံမှာ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် တစ်ဦးတစ်ယောက်ကို ကာကွယ်ပေးရန် အင်အားစုဖြင့် မားမားမတ်မတ်ရပ်တည်ရန် ဖန်တီးထားခြင်း၊ တစ်ဦးတစ်ယောက်အတွက် နိုင်ငံရေးရည်မှန်းချက်ကို ပိတ်ပင်စေရန် ဖန်တီး ထားခြင်း စသည့် အကျိုးစီးပွားနှစ်ခုအားပြိုင်မှုထဲတွင် နိုင်ငံသားများ၊ နိုင် ငံပြုခေါင်းဆောင်များ၊ တိုင်းပြည်အား နွံထဲမှပြန်လည် အဖတ်ဆည်လိုသော သူများအတွက် အမုန်းတရားများဖြစ်ပေါ်လာရန် ဖန်တီးသလို ဖြစ်လာနိုင်ပါ သည်။

NLD နှင့် အတိုက်အခံများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ အာဏာ ရပါတီထောက်ခံသည့် ပြည်သူပြည်သားများ၊ ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံသည့် ပြည်သူပြည်သားများ၊ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးရေးကို ရှေးရှုလိုသည့် တိုင်းရင်းသားခေါင်းဆောင်များနှင့် တိုင်းရင်းသားများအကြား ကြီးမားစွာဖြစ်ပေါ်လာနိုင်သော ပဋိပက္ခအမုန်းပွားမှုကို ဦးတည်လာမည်ကို လွန် စွာစိုးရိမ်ရသောကြောင့် ဖြစ်သည်။

ထိုအမုန်းများမြစ်ဖြားခံရာဟုဆိုရမည့် လေးပွင့်ဆိုင်တွေ့ဆုံခြင်းကို ရှောင်ရှားခဲ့သောဖြစ်စဉ်၊ ၈၈ မှ ကိုမင်းကိုနိုင် သုံးနှုန်းသောအသုံးအနှုန်းနှင့်

ဗိုလ်စိန်မှန်၊ အောင်ပင်လယ်တွေ့ဆုံပွဲ၊ ရွေးကောက်ပွဲကော်မရှင်၏ သတိပေး စာ၊ သမ္မတ၏ ပိုမိုပြတ်သားမာထန်လာသော နိုင်ငံရေးသတိပေးချက်မိန့် ခွန်းများကြောင့် လူထုအတွင်း အမုန်းတရားများ စတင်လာတော့မည်ကို စိုးရိမ်နေရပါသည်။

အာဏာရအသိုင်းအဝိုင်း၊ စစ်ဘက်အုပ်စိုးမှုတို့မှလာသော အာရှနိုင်ငံများ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရာတွင် စစ်တပ်မှလာသော အာဏာရှင်စနစ်သည်လည်းကောင်း၊ အော်တိုကရေစီသည် လည်းကောင်း၊ နိုင်ငံရေးမှ နောက်ပြန်ဆုတ်မှုသည် တဖြည်းဖြည်းခြင်းသာ ပြောင်းလဲသောဖြစ်စဉ် Gradually Change) သာ တွေ့ရှိခဲ့သည့် သက်သေသာဓကကို ပညာရှင်များစွာက ဖော်ထုတ်ခဲ့ပြီး ဖြစ်သည်။ ယခုအခါ သီအိုရီပင်ထုတ်နိုင်ပြီဟု ဆိုရမည် ဖြစ် သည်။ ထိုအချက်သည် တပ်မတော်၏ space လည်း ဖြစ်နေပါ သည်။ သို့သော် တပ်မတော်သည် လူပုဂ္ဂိုလ်အပေါ် အလွန်အကျွံကာကွယ်ထားမှု ပိုမိုအားကြီး ပါက အမုန်းမီးပွားတောက်လောင်နိုင်စရာ ရှိပါသည်။ ထို့အတူ NLD နှင့် အတိုက်အခံနိုင်ငံရေးပါတီများအားလုံးသည် ၂၀၁၅ နိုင်ငံရေး campaign အတွက် လူထု၏ အရွေ့ကို အားစမ်းခြင်းအတွက်သာ ဖြစ်သည်ဆိုပါမူ စစ် တပ်နှင့် ထိပ်တိုက်တွေ့ဆုံစရာများကို ရှောင်ရှားနိုင်မည် ဖြစ်သည်။ တပ်မတော်အနေဖြင့်လည်း NLD ၏ အဆိုပါ နိုင်ငံရေး space ကို သဘောထားကြီးကြီးဖြင့် တုန့်ပြန်သင့်ပါသည်။

ထိုကဲ့သို့ အမုန်းများဖြင့်စတင်ခဲ့သည်ဆိုရမည့် လေးပွင့်ဆိုင် တွေ့ဆုံခြင်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်အမတ် သူရဦးအောင်ကို ပြောကြား သည့် “ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းဖို့ တိုင်းရင်းသား၊ နိုင်ငံရေးပါတီတွေနဲ့ ပြည်သူတွေက ဒီနေ့ တောင်းဆိုနေကြတယ်။ နိုင်ငံတကာကလည်း အလားတူပဲ။ အထူးသဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင်အနေနဲ့ ဒီတောင်းဆိုမှုတွေကို မျက်ကွယ်ပြုနေမယ်ဆိုရင် နိုင်ငံရေးအကျပ်အတည်း တစ်ရပ်ဆီ ဦးတည်သွားနိုင်တယ်” ဟု ထောက်ပြခဲ့ခြင်းကပင် အမုန်းများ၊

အထားအသိုများကို မည်မျှလေးနက်စွာ ထိန်းသိမ်းကြရန် လိုနေသည်ကို ထင်ဟပ်စေပါတော့သည်။

**messenger journal**

*

# ဗဟိုအစိုးရပေါ်လစီ၊ ဗဟိုထိန်းချုပ်မှုပြဿနာနှင့်
# ဗဟိုထိန်းချုပ်မှုလျှော့ချရေး ရည်မှန်းချက်

ယခုပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်မှာ နိုင်ငံရေးနှင့်ဆိုင်သည့် ပေါ်လစီဖရိန်မှာဖြစ်ဖြစ်၊ စီးပွားရေးနှင့်ဆိုင်သည့် ပေါ်လစီဖရိန်မှာဖြစ်ဖြစ် ဗဟိုထိန်းချုပ်မှုအားကြီးခြင်း Centralize သိပ်ဖြစ်နေတာကို နေရာအနှံ့မှာ ညည်းညူသံတွေ ထွက်ပေါ်နေပါတယ်။ ဒီအချက်တွေကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်များနဲ့ ဆိုင် တဲ့ ပုဒ်မအတော်တော်များများကို ပြန်လည်ဆန်းစစ်ကြည့်လျှင် တွေ့နိုင်ပါ တယ်။ ဥပမာအားဖြင့် ပုဒ်မ ၁၁၈၊ ပုဒ်မ ၁၈၉၊ ပုဒ်မ ၂၂၄ စတာတွေ ဖြစ် ပါတယ်။

## ဗဟိုထိန်းချုပ်မှုပြဿနာ (Centralization)

Centralization ဆိုတာဟာ သာမန်နားလည်ထားဖို့ဆိုလျှင် ဗဟိုအစိုးရလက်တံ ကြီးနေတာမျိုး၊ ဗဟိုအစိုးရလက်တံ နေရာတကာပါနေတယ်ဆိုတာမျိုး၊ ဗဟိုအစိုးရက နေရာတကာမှာ ဝင်ရောက်စွက်ဖက်တာမျိုးလို့ ယေဘုယျနားလည်နိုင်ပါတယ်။ ဗဟိုထိန်းချုပ်မှုအားကြီးခြင်း (Centralize) ကို ပြောတဲ့နေရာမှာ လူပုဂ္ဂိုလ်အပေါ်မှာအခြေပြုနေတဲ့ ဗဟိုထိန်းချုပ်မှု ပုံစံ နှင့် ဗဟိုအစိုးရပေါ်လစီအားနည်းမှုအပေါ် ဖြစ်တည်လာတဲ့ Centralize ဖြစ်မှုဆိုတဲ့နှစ်မျိုးကို တွေ့ရပါတယ်။ စင်ထရယ်လိုက်ဖြစ်နေတဲ့နေရာမှာ တစ်ခါ တစ်ရံ ပုဂ္ဂိုလ်ရေးလွှမ်းမိုးမှုကြောင့် ဖြစ်နေသလို၊ နဂိုရှိနေတဲ့အကျင့်ကိုက ပြင်ဖို့ခက်နေတာကြောင့်လည်း ဖြစ်တတ်ပါတယ်။ အဲဒါမျိုးဟာ ကျွန်တော်တို့ဆီမှာဖြစ်တည်လာခဲ့တဲ့ သမိုင်းကြောင်းစီမံခန့်ခွဲမှု၊ ပတ်ဝန်းကျင်ကပေးတဲ့ အခြင်းအရာများ၊ အမြစ်တွယ်လာတဲ့ လူတွေရဲ့ ခံယူချက်ကြောင့်လည်း ပါ တယ်။ လူပေါ်မှာ အခြေပြုတဲ့ စင်ထရယ်လိုက်ရှိသလို့ ဗဟိုက ပေါ်လစီအားနည်းတာကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေမှာ သွားပြီး စင်ထရယ်လိုက်ဖြစ်သွားတာမျိုး၊ သို့မဟုတ် အောက်တိုကရေစီ ဆန်သွားတာ

မျိုးတွေ့ရတယ်။ ဥပမာ တရုတ်ပြည် မန်ချူးမင်းဆက်ကာလ ဒေါက်တာ ဆွန်ယက်ဆင်ဦးဆောင်တဲ့ တော်လှန်ရေးကာလတွေမှာ ဒီလိုမျိုးပုံစံတွေ အခုတွေ့နေရတာ ပဲ။ မန်ချူးဘုရင်ရဲ့ ဗဟိုပေါ်လစီနှင့် ထိန်းချုပ်မှုအားနည်း ရင် သက်ဆိုင်ရာပြည်နယ်အလိုက် ဘုရင်တွေ၊ မင်းလောင်းတွေ ပေါ်လာ တာမျိုးကိုဆိုလိုတာ ဖြစ်ပါတယ်။

Centralization လို့ပြောတဲ့နေရာမှာလည်း အချို့နေရာတွေမှာ personal အပေါ်မှာ အရမ်းအခြေပြုလွန်းပါတယ်။ ပေါ်လစီတစ်ခုလုံးအပေါ်မှာ အခြေပြုထားတာမျိုး မဟုတ်ဘူး။ စီးပွားအခွင့်အရေးတွေမှာ၊ နိုင်ငံရေးအာဏာခွဲဝေရေးတွေမှာ state လက်တံ ပိုကြီးတာမျိုး၊ ပိုရှည်တာမျိုး တွေ့နေ ရတယ်။ state လက်တံကြီးတယ်ဆိုတာဟာ အာရှမော်ဒယ်အရ လူတိုင်း သိပြီးသားပါ။ ပေါ်လစီကြောင့် စင်ထရယ်လိုက်ဖြစ်နေတာမျိုးဆိုရင်တော့ ကောင်းပါတယ်။ ဒါပေမဲ့လည်း state လက်တံကြီးမှုကြောင့် အကျိုးသက် ရောက်မှုကတော့ ပြည်နယ်အစိုးရတွေကလည်း တစ်နယ်တစ်မင်းလိုမျိုး ဖြစ်နေတာမျိုးလည်း ထပ်တွေ့နေရရင် စိုးရိမ်ရတဲ့အနေအထားပါ။ ပြည်နယ် တိုင်းဒေသကြီးအစိုးရတွေကလည်း ဒေသတွင်းဗဟိုထိန်းချုပ်မှု လုပ်တာမျိုး တွေ့နေရတာ မျိုးကို ဆိုလိုတာပါ။ တစ်ဦးတည်းကပဲဖြစ်ဖြစ် တစ်စုတစ်ဖွဲ့ ကပဲဖြစ်ဖြစ် ဆိုလိုပါတယ်။

အခု မကွေးတိုင်းဒေသကြီးမှာလည်း ဒီလိုမျိုးဖြစ်နေတာမျိုးတွေကို လူတွေက သတိထားပြီး ပြောနေကြပြီ။ ပြည်နယ်တိုင်းဒေသကြီးက တစ်ဖန် ဒေသစင်ထရယ်လိုက် (regional centralize) လုပ်သလို တွေ့နေရပါတယ်။ အဲဒါကတော့ တိုင်းဒေကြီးပြည်နယ်သားတွေကိုလည်း ပြုပြင်ပြောင်းလဲရေး မှာ ပူးပေါင်းဆောင်ရွက်မှုကို ပြည်နယ်အစိုးရတွေက အလေးအနက် မထား ဘူးဆိုတဲ့အချက်တွေကို တွေ့နေရပါတယ်။ ပြီးတော့ သူတို့ဒေသရဲ့ ခရိုင် မြို့နယ်ဘက်က ပြန်ကြည့်တော့ ပြည်နယ်အစိုးရတွေကလည်း Centralize

ဖြစ်နေပြန်ရော ဆိုတာမျိုး ထပ်တွေ့ရပါတယ်။ ဆိုလိုတာက ရာစုနှစ်များစွာ ဗဟိုဦးစီးဆိုတဲ့စနစ်ရဲ့ ပတ်ဝန်းကျင်မှာ မွေးဖွားရှင်သန်လာခဲ့ရတော့ နေရာတိုင်းမှာ၊ လူ့အဖွဲ့အစည်းတစ်ခုလုံးမှာ အဲဒီ ဗဟိုဦးစီးချုပ်ကိုင်လွှမ်းတဲ့ဓလေ့၊ အလေ့အထဟာ အမြစ်တွယ်လာခဲ့တာ ဖြစ်ပါတယ်။ မိသားစု၊ အသင်းအဖွဲ့၊ ရပ်ကွက်သာရေးနာရေးဆုံးဖြတ်ချက်၊ ရွာတွေရဲ့ decision making ပုံစံဟာ အလွှာလိုက် မြန်မာ့လူ့အဖွဲ့အစည်းမှာ centralize ဖြစ်နေတာကြောင့်များ ပြုပြင်ပြောင်းလဲရေးဟာ မအောင်မမြင် ဖြစ်နေတာလားဆိုတာကို ပြန်သတိထားမိစေပါတယ်။

အစိုးရလက်တံ ကြီးခွင့်ရှိတယ်ဆိုတာ political ပါဝါမှာလည်းရှိနေတယ်။ သို့ပေမဲ့ စီးပွားရေးပါဝါမှာပါလာပြီး လက်တံကြီးနေတယ်ဆိုတာမျိုး ရှိနေတယ်ဆိုရင် ဖွံ့ဖြိုးမှုဟာ ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ဘူးလို့ ပညာ ရှင်များက ကောက်ချက်ချခဲ့ပြီး ဖြစ်ပါတယ်။ ဒါဟာ state ပေါ်လစီနဲ့ ထိန်း ဖို့ အားနည်းတာရယ်၊ ပေါ်လစီပီပီသသ ထုတ်ပြန် မကျင့်သုံးနိုင်တာရယ် ကြောင့်လည်း ဖြစ်နိုင်ပါတယ်။ နိုင်ငံရေးမှာဖြစ်ဖြစ်၊ စီးပွားရေးဖြစ်ဖြစ် centralize ဖြစ်နေတာကတော့ တွေ့မြင်နေကြအတိုင်းပဲ။ regional policy လည်း ဒီအတိုင်းပဲ ဖြစ်နေတယ်။

ဒေသတွင်း ဗဟိုထိန်းချုပ်မှုအာဏာ လျှော့ချရေး

အခုက နိုင်ငံတော်စီးပွားရေးစနစ်ဆိုတာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာလည်း ဈေးကွက်စီးပွားရေးစနစ်နဲ့သွားမယ်ဆိုတာ အတိအလင်း ဖော်ပြထားပြီး ဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်ကို သွားမယ်ဆိုရင် အစိုးရလက်တံလို့ ပြောပြော၊ ဗျူရိုကရက်လက်တံလို့ ဆိုဆို ဘယ်လောက် အတိုင်းအတာထိ ဈေးကွက်ယန္တရားထဲကို ဝင်ရောက်စွက်ဖက်ခွင့်ပေးမှာလဲ ဆိုတာကို သီးခြားစီစဉ်ထားသင့်ပါတယ်။

ဒါကြောင့် decentralization နဲ့ စပ်လျဉ်းပြီး ဒေသဖွံ့ဖြိုးရေးတွေမှာ

ဒေသရဲ့လိုအပ်ချက်နှင့် ဒေသရဲ့ပူးပေါင်းပါဝင်မှု ဘယ်လောက်ရာနှုန်း ထည့်သွင်းသင့်တယ်၊ အရင်းအနှီး၊ အလုပ်အကိုင်၊ CSR စသဖြင့် ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ ဒီလို localization ဖြစ်ဖို့ဆိုတာကလည်း ဒေသခံ လူတွေက အနည်းဆုံး အသိပညာအခြေခံရှိဖို့လိုပေမဲ့ ပထမကတော့ ဗဟိုထိန်းချုပ်မှုအာဏာလျှော့ချရေးကို ဦးစားပေး စဉ်းစားအဖြေရှာသင့်တယ်လို့ လူတော်တော်များများအကြံပြုကြပါတယ်။ ဗဟိုထိန်းချုပ်မှုအာဏာ လျှော့ ချရေးကို လုပ်တဲ့နေရာမှာ ဒေသတွင်း အများပိုင်စီးပွားရေးလုပ်ငန်းတွေ ဖွဲ့ တာမျိုး၊ ဒေသနှင့်နွယ်တဲ့ စီးပွားရေးတွေမှာ ဒေသခံရဲ့ အစုရှယ်တွေ ပါဝင်ထည့်သွင်းပေးတာမျိုး၊ အလုပ်အကိုင်အခွင့်အလမ်း ဘယ်လောက်ရာနှုန်း ခန့်ပေးရမယ်ဆိုတာမျိုး ဖန်တီးပေးသင့်တယ်။ ခုက ဗဟိုရဲ့ ဝင်ရောက်စွက်ဖက်မှုများလွန်းတော့ ခရီးသွားဇုန်၊ စီမံကိန်းစီးပွားဇုန်ဆိုတာမျိုး မကြားလိုက် နှင့် ရှိတဲ့ရင်းမြစ်တွေ အခွင့်အလမ်းတွေကို ဒီဒေသကလူတွေ မပိုင်ဆိုင်တော့ ဘူး။ တခြားကလူတွေက ဒီဒေသမှာရှိတဲ့ resource (Land, Economic Zone, Contract) တွေကို ဗဟိုအစိုးရ၊ တိုင်းဒေသကြီးအစိုးရနဲ့နီးတဲ့သူတွေ လက်ဦးမှုယူကြတာမျိုး ခဏခဏ တွေ့နေ၊ ကြားနေ၊ မြင်နေရပါတယ်။

အကျိုးဆက်က ဒေသခံတွေ နိုးနိုးကြားကြားဖြစ်လာတဲ့အချိန်မှာ သူတို့ရဲ့ရပိုင်ခွင့်ရှိတဲ့ အခွင့်အလမ်းတွေဟာ အလိုလိုလက်လွတ်ဆုံးရှုံးပြီးသားဖြစ်နေပြီ။ ဒါကြောင့်ျအအေန ကချပေးလိုက်တဲ့ investment တွေဟာ state နဲ့နီးစပ်တဲ့စီးပွားရေးသမားတွေပဲ ကန်ထရိုက်ရတာ မျိုး ဖြစ်နေတယ်။ ပြည်နယ်အစိုးရက button up ကိုထောက်ပြပေမဲ့၊ တကယ်တမ်း စီပွားရေးစီမံကိန်းတွေချထားတဲ့နေရာ၊ ဇုန်အဖြစ်သတ်မှတ်တဲ့နေရာတွေမှာ ဒေသခံပြည်သူတွေနဲ့ ထိပ်တိုက်တွေ့တဲ့နေရာမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုး ရတွေ ဖြေရှင်းရခက်ပြီး ဘေးကျပ်နံကျပ်ဖြစ်စေတော့တာပါပဲ။ ဥပမာပေး ရမယ်ဆိုရင် စာရေးသူ ရောက်ရှိခဲ့ပြီး တွေ့ဆုံမေးမြန်းခဲ့ချက်များအရ တနင်္သာရီက

သာယာလှပတဲ့ ကမ်းရိုးတန်းတစ်လျှောက်၊ မုတ္တမကမ်းရိုးတန်း နှင့် ဘီလူးကျွန်းတစ်ဝိုက်က ကျွန်းတွေကို နိုင်ငံခြားသားတွေ၊ ခရိုနီအသိုင်း အဝိုင်းတွေ၊ အာဏာပိုင်ရာဆိုင်ရာ အသိုင်းအဝိုင်းတွေ အပိုင်ဝယ်ထားပြီး ကြုပြီဆိုတာမျိုး။ နာမည်ခံတွေ ဖြစ်ချင်ဖြစ်မယ်။ ရန်ကုန်က ခရိုနီတွေ ဖြစ် ချင်ဖြစ်နိုင်ပါတယ်။ ခုဒေသရဲ့ ဘယ်လို စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးရေး တွေ အားလုံးဟာ button up ကလာတဲ့ planning ဟုတ်ရဲ့လားဆိုတာ ဟာ state ကလာတဲ့ ပေါ်လစီကို ပြန်လေ့လာသင့်ပါတယ်။

တစ်ပြည်လုံးအတိုင်းအတာအရ ပေါ်လစီအဆင့်မှာလည်း ပီပြင်ပြတ်သားတဲ့အစီအစဉ်မျိုးတွေ ချမှတ်ဖို့လိုသလို implementing level မှာလည်း လုပ်ငန်းစွမ်းဆောင်ရည်အပြင် သူတို့ရဲ့ပါဝင်စွက်ဖက်ပိုင်ခွင့်ကို ဘောင်ခတ်သင့်နေပါပြီ။ နောက်တစ်ခုက အစိုးရဘတ်ဂျက်လိုငွေနဲ့ သွားတဲ့နေရာမှာ တခြားပြည်ပကနေ ဖွံ့ဖြိုးမှုအကူအညီတွေနဲ့လုပ်နေတဲ့ ဖွံ့ဖြိုးရေးပရောဂျက် တွေကို ပြန်ကြည့်သင့်ပါတယ်။ ဒီဗျူရိုကရက်တွေမှာ လိုနေတာက capacity building ပြဿနာထက် mindset ပြဿနာက ပိုကြီးမယ်ထင်ပါတယ်။ စိတ်ဓာတ်ပိုင်းဆိုင်ရာခံယူချက်တွေဟာ တဖြည်းဖြည်းပြောင်းလဲသွားမယ်ဆိုပေမဲ့ ဒါဟာ ရေရှည်ဖြစ်တဲ့အတွက် state က ပေါ်လစီတစ်ရပ်ရပ်၊ ဥပဒေ တစ်ရပ်ရပ်ကို လူတိုင်းလိုက်နာနိုင်အောင် ပြုလုပ်ပြဋ္ဌာန်းသင့်ပါတယ်။ ပြည် ပငွေတွေ ဒလဟောဝင်နေတာဟာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာတွေ မှာ ပိုပွံ့ပိုးနေတာကိုတွေ့ရပေမဲ့ ဒီနေရာမှ ပြန်သုံးသပ်သင့်တာက အသုံးစရိတ် တွေဟာ ဘယ်ကဏ္ဍမှာ ပိုကုန်နေသလဲဆိုတာကို စိစစ်သင့်ပါတယ်။ ဥပမာ သင်တန်းရေးရာလား၊ ဝန်ထမ်းလစာစရိတ်လား၊ တည်းခိုခနဲ့ စားသောက်ကုန်ကျစရိတ်လားဆိုတာပါ။ စရိတ်ဆန်းစစ်လေ့လာမှု ပြန်လုပ်သင့်ပါတယ်။ ခုဆိုရင် state က ပေါ်လစီကောင်းတွေ ချနိုင်ရင်တောင် အကောင်အထည်ဖော်တဲ့နေရာမှာ စင်ထရယ်လိုက်ယဉ်ကျေးမှု (Centralize Cultural) အမြစ်

တွယ်နေတာကြောင့် ကြီးမားတဲ့စိန်ခေါ်မှုတွေ ကြုံတွေ့နေရတယ်ဆိုတာကို အထင်အရှား တွေ့နေရပါတယ်။

ပြည်နယ်၊ တိုင်းဒေသကြီးများ၏ ဖွံ့ဖြိုးရေးမော်ဒယ်

ခု မားကစ်အီကော်နော်မီ ပြောသလို centralize ပြဿနာနဲ့အတူ ဒေသဖွံ့ဖြိုးရေးကို ဘယ်လိုမော်ဒယ်နဲ့ ပြန်ကိုင်မလဲဆိုတာပါ။ အရင်တုန်းက တော့ မနါသေညေ့ူ နလနူသစာနညအ ကိုသွားတဲ့ရောမှာ endogenous factor တွေကို အားပြုရာကနေ အခုဆိုရင် indigenous factors ကိုသွားတဲ့ မော် ဒယ်ကို ပိုသုံးနေကြပါပြီ။ ဆိုလိုတာကတော့ ပြည်တွင်းရှိရင်းစွဲရင်းမြစ်တွေ ကနေ ဘယ်လို ဒေသဖွံ့ဖြိုးရေးကို သွားမလဲဆိုတဲ့ ပုံစံဖြစ်ပါတယ်။ ဒီ factor တွေထဲမှာဆိုရင် (၁) လူတွေရဲ့စရိုက်၊ ဓလေ့၊ ထုံးတမ်းစဉ်လာ၊ အစဉ်အလာ လူနေမှုစနစ် စတဲ့ social values တွေကို ပထမဆုံးကြည့်ရမယ်၊ (၂)က ဒေသတွင်းမှာရှိတဲ့ ရင်းမြစ်တွေ၊ လူမှုရေးအခြေအနေတွေ၊ ဒေသပတ်ဝန်း ကျင်ကြောင့် ဖြစ်လာနိုင်ခြေရှိတဲ့ ပထဝီအားသာချက်တွေ Local Recourse Endowments ဆိုတဲ့ အချက်ကို ထပ်မံကြည့်ပါတယ်။

နောက်ဆုံးတစ်ချက်ကတော့ နိုင်ငံရေးပါဝါ၊ စီးပွားရေးပါဝါတွေနဲ့ နွှယ် လာတဲ့ decentralization ဘယ်လောက်ဖြစ်သလဲဆိုတဲ့ ခေအသမ တွေနှင့် တိုင်းတာပြီး ဒေသဖွံ့ဖြိုးရေးကို သွားတာဖြစ်ပါတယ်။ ပြောချင်တာက ဘယ် လို စီးပွားရေး၊ နိုင်ငံရေးမော်ဒယ်ပဲဖြစ်ဖြစ် decentralization ကို အထူးပြု ပြောဆိုတာကို ဦးစားပေးရှင်းပြတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒေသတစ်ခုမှာ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တာဝန်အာဏာ စတာတွေမှာ decentralize ဘယ်လောက်ဖြစ်ရမယ်ဆိုတာမျိုးကို စောင်းပေးပြီး ပြောလာ ကြတာဖြစ်ပါတယ်။ အခုဆိုရင်လည်း ဒေသအနှံ့သွားကြည့်တဲ့အခါမှ ဗဟို ထိန်းချုပ်မှုလျှော့ချရေး၊ သို့မဟုတ် ဗဟိုထိန်းချုပ်မှုကြီးမားနေတဲ့အချက်ကို သွားတွေ့ရပါတယ်။

ဥပမာ ကျွန်တော်သွားရောက်လေ့လာခဲ့တဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေနဲ့ပဲ သုံးသပ်ကြည့်ရအောင်။ တွေ့ဆုံမေးမြန်း လေ့လာခဲ့မိသလောက်ပြန်သုံးသပ်ရရင် ၂၀၁၅ အေအီးစီ လှိုင်းလုံးကြီးဝင်လာရင် အရင်ဆုံးထိမယ့်နေရာတွေကတော့ ကျွန်တော့်ယူဆချက်အရ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတို့ ဖြစ်မယ်ထင်ပါတယ်။ ဒီသုံးပြည်နယ်ဟာ သက်ဆိုင်ရာ အလိုက်ပထဝီအနေအထားအရ အားသာချက်တွေရှိပါတယ်။ ပြည်တွင်း ရင်း မြစ်တွေလည်းအထိုက်အလျောက်ရှိပါတယ်။ ထားဝယ်ရေနက်ဆိပ်ကမ်း၊ ဗီယက်နမ်ဒါနန်းဆိပ်ကမ်းကနေလာတဲ့ အာဆီယံလမ်းမကြီး၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက် ဖွံ့ဖြိုးလာနိုင်ခြေရှိတဲ့ ပင်လယ်ကမ်းခြေခရီးသွားလုပ်ငန်း၊ မွန်ပြည်နယ်မှာဆိုရင် ခရီးသွားလမ်းဆုံဖြစ်တာနဲ့အညီ ဒေသရဲ့သမိုင်းဝင်အဆောက်အအုံတွေကနေ ခရီးသွားဒပ်စတေးနေးရှင်းပွိုင့်တွေဖော်ထုတ်နိုင်ပါတယ်။ ဒေသတစ်လျှောက်မှာလည်း အခုဆိုရင် ခရီးသွားဇုန် တွေအကောင်အထည်ဖော်မယ်လို့ သိထားပါတယ်။ ဒါပေမဲ့လည်း ဒေသ ခံပြည်သူတွေစီးပွားရေးအမြင်အားနည်းနေတာလား၊ ဒေသတွင်း အစိုးရက မမြင်တာလားတော့မသိပါဘူး။ လူတွေက တုတ်တုတ်မျှ မလှုပ်ကြပါဘူး။

ဗဟိုထိန်းချုပ်မှုလျှော့ချရေး (Decentralizaiton)

ဒီနေရာမှာ ဥပမာတွေကတော့ ဗဟိုဆိုတဲ့ နေပြည်တော်ကနေ ခွင့်ပြုချက်ချပေးမှ လုပ်ရတယ်ဆိုတာမျိုးတွေ လျှော့ချပေးသင့်ပါတယ်။ ဒေသတွင်းကနေ ထွက်ပေါ်လာနိုင်ခြေရှိတဲ့ စီးပွားရေးလုပ်ငန်းကုမ္ပဏီတွေကိုဒေသတွင်းမှာ ဖွင့်ခွင့်ပေးတာမျိုး မရှိသေးပါဘူး။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ် လာသုံးသန်းထက်ကျော်ရင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုချက်လိုတာမျိုး။ အထူးစီးပွားရေးဇုန်စီမံကိန်း၊ အခြား စီးပွားဖြစ်မဲ့ဇုန်တွေအကောင်အထည်ဖော်မယ်ဆိုရင် ဗဟိုနေပြည်တော်က ခွင့်ပြုချက်ယူရတာ မျိုးဖြစ်ပါတယ်။ one stop service ဆိုပေမဲ့ အစိုးရဝန်ကြီးဌာနဆိုင်ရာတွေနဲ့

ပတ်သက်ရင် ကြန့်ကြာတာမျိုး မဖြစ်သင့်ဘူးလို့ ဒေသတွင်းလွှတ်တော် ၂၂ အစိုးရအကူးအပြောင်း စီးပွာရေးအလူးအလိမ့် အမတ်တွေနှင့် တွေ့ဆုံတဲ့နေရာမှာ ညည်းညူကြပါတယ်။ ဒီလိုအခက် အခဲမျိုးတွေကို ပြင်ဆင်ပေးရမှာ ဖြစ်ပါတယ်။

ပြီးတော့ ဒေသဆိုင်ရာက စီးပွားရေးသမားတွေ၊ ဥပဒေပြုလွှတ်တော်အမတ်တွေ၊ ဒေသတွင်း အာဏာပိုင်အဖွဲ့အစည်းတွေကလည်း စီးပွားရေးအမြင် မရှိပါဘူးလို့ ယူဆရပါတယ်။ ဒါကြောင့်အခြေခံဥပဒေမှာပါတဲ့ centralize သိပ်ဖြစ်လွန်းတဲ့ဥပဒေတွေကို ပြင်ပေးစေချင်တယ်။ တိုင်းဒေသကြီး ပြည်နယ်အစိုးရတွေကို စီးပွားရေးနှင့်ဆက်နွယ်တဲ့ လုပ်ပိုင်ခွင့်တွေ ပိုပေးစေချင်တယ်။ တိုင်းဒေကြီးဘက်က အကြောင်းပြတာကတော့ centralize သိပ်လုပ်လွန်းတော့ ကြန့်ကြာတယ်။ ပြီးတော့ အမ်အိုင်စီကလာတဲ့ စီမံကိန်း တွေက State နဲ့ နီးစပ်တဲ့ခရိုနီတွေပဲ လက်ဝါးချင်းရိုက်သလို ဖြစ်ဖြစ်သွား တယ်လို့ ညည်းကြတာမျိုးကို ကြုံခဲ့ရပါတယ်။

State မှာလည်း State အလျောက် ခရိုနီရှိသလို၊ ပြည်နယ်တွေမှာ လည်း ပြည်နယ်အလျောက် ခရိုနီတွေရှိနေတာကို တွေ့ရပါတယ်။ တစ်ခု ထောက်ပြလိုတာက သမ္မတကြီး အမြဲရည်ညွှန်းတဲ့ all inclusive လို့ ပြော ထားပေမဲ့ ပေါ်လစီမရှိတာမျိုးကို စိုးရိမ်ရပါတယ်။ ဒါကြောင့် ဒေသတွင်းက လူတွေ စီးပွားရေးအမြင်အားနည်းနေတာ၊ ဗဟိုအစိုးရဆီကနေ ခွင့်ပြုချက် လိုမျိုး၊ ဗဟိုအစိုးရက လက်ညှိုးထိုးနေရာချထားပေးတယ်ဆိုတာမျိုး ပြင်ဖို့လို မယ် ထင်ပါတယ်။ ဒါကြောင့် state က centralize သိပ်ဖြစ်လွန်းရင် ကျန် တဲ့နေရာတွေမှာ နှောင့်နှေးစေတယ်ဆိုတဲ့ရလဒ်ကို ဖြစ်ပေါ်စေနိုင်ကြောင်း အသိပေးလိုပါတယ်။

**messenger journal**

*